## Myanmar Technologies and Investment Corporation Public Co., Ltd. (MTI)

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

**အခမ်းအနားအစီအစဉ်**

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်နှစ်ပတ်လည် အထွေထွေအစည်းအဝေး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာခြင်း။

၂။ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်က အဖွင့်အမှာစကားပြောကြားခြင်း။

၃။ အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းဦးက ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ Financial Position နှင့် ရှေ့လုပ်ငန်းစဉ်များအား တင်ပြခြင်း။

၄။ စာရင်းစစ်အဖွဲ့ဝင်ဖြစ်သော ဦးဝင်းဗလမင်းက စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားခြင်း။

၅။ အစုရှယ်ယာရှင်များက ကြိုတင်ပေးပို့ထားသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း။

၆။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ရွေးချယ်ခန့်ထားခြင်း။

၇။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရွေးချယ်ထားသော ဒါရိုက်တာအသစ်များအား အတည်ပြုခြင်း။

၈။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာခြင်း။

| | | |
|---|---|---|
| နေ့ရက် | - | ၁၀-၁၀-၂၀၂၅ (သောကြာနေ့) |
| အချိန် | - | မွန်းလွဲ (၃:၀၀) နာရီ |
| ကျင်းပသည့်နေရာ | - | Conference Hall, Main Building, MICT Park |

**အစီအစဉ် (၁) အရ** - အခမ်းအနားမှူး ဒေါ်ယုယုခိုင်က အခမ်းအနားအစီအစဉ်များကို ဦးစွာဖတ်ကြားပြီးနောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (၁၂)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖွင့်လှစ်ကြောင်း၊ ကြေညာပါသည်။

**အစီအစဉ် (၂) အရ** - ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် -

"အားလုံးပဲ မင်္ဂလာပါ ခင်ဗျာ။ လေးစားအပ်ပါသော အစုရှယ်ယာရှင်လူကြီးမင်းများ၊ ဒါရိုက်တာအဖွဲ့ဝင်များနဲ့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)ရဲ့နာယကကြီး ဦးသိန်းဦးနှင့်တကွ **"Win Thin & Associate"** မှ ဧည့်သည်များခင်ဗျာ၊ ယနေ့ကျင်းပတဲ့ MTI အများပိုင်ကုမ္ပဏီရဲ့ (၁၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ



Address: First Floor / Building 9 / MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

အစည်းအဝေးကြီးကို ကြွရောက်ချီးမြှင့်ပေးကြတဲ့အတွက် အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ဦးစွာ ပထမပြောကြားလိုပါတယ်။

ကျွန်တော်များ မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီ (MTI) ဟာဆိုရင် နှစ်စဉ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးများကျင်းပလာခဲ့သည်မှာ ယခုအကြိမ်ဆို (၁၂) ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။ ယခုနှစ်မှာတော့ Online နဲ့ မဟုတ်တော့ဘဲ ပြင်ပမှာ အစုရှယ်ယာရှင်များနဲ့ လူပုဂ္ဂိုလ်ချင်း တွေ့ဆုံပြီး ကျင်းပခွင့်ရလို့ များစွာပဲ ဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။

MTI အများပိုင်ကုမ္ပဏီသည် ယခုအခါ အစုရှယ်ယာစုစုပေါင်း (၄၅၈,၀၉၇) စု၊ မတည်ရင်းနှီးငွေ ပမာဏ (Paid up Capital) မှာ (၅.၈၅၃) ဘီလီယံကျပ်ကျော်ရှိပြီး၊ ယနေ့အထိ မိမိတို့ရင်းနှီးမြှုပ်နှံခဲ့သည့်လုပ်ငန်းများ၏ ပကတိတန်ဖိုးကိုတွက်ချက်ရာမှာ (၉.၇၅၀) ဘီလီယံကျပ် ကျော်ရှိသည်ကိုတွေ့ရှိကြရမှာပဲဖြစ်ပါတယ်။

ကျွန်တော်များ MTI အများပိုင်ကုမ္ပဏီက အဓိကရင်းနှီးမြှုပ်နှံထားတဲ့ ကုမ္ပဏီများဖြစ်ကြတဲ့ MPSS ကုမ္ပဏီမှာ အစုရှယ်ယာ (၃၈.၁၄ %)၊ မြန်မာ သီလဝါ SEZ အများပိုင်ကုမ္ပဏီ (MTSH) မှာ အစုရှယ်ယာ (၁.၃၄ %)၊ မြန်မာနေရှင်နယ် တယ်လီကွန်းဟိုးလ်ဒင်း အများပိုင်ကုမ္ပဏီ (MNTH) မှာ အစုရှယ်ယာ (၁၀.၇၆ %) ပိုင်ဆိုင်ပါတယ်။ မြန်မာ သီလဝါ SEZ အများပိုင်ကုမ္ပဏီဟာဆိုရင် နှစ်စဉ် အစုရှယ်ယာရှင်များကို အမြတ်ဝေစုများ ခွဲဝေပေးလျှက်ရှိရာ ၂၀၁၅ ခုနှစ်မှ ယခု ၂၀၂၅ ခုနှစ်အထိ ကျွန်တော်များ MTI ကုမ္ပဏီအနေနဲ့ **(၃.၁၁၄၄) ဘီလီယံ** ကျပ် ရရှိခဲ့ပြီးဖြစ်ပါတယ်။

MTSH ကုမ္ပဏီရဲ့ (၁၂) ကြိမ်မြောက် အထွေထွေအစည်းအဝေး နှစ်ပတ်လည်အစီရင်ခံစာအရ MTSH သည် ရန်ကုန်စတော့အိတ်ချိန်း (YSX) မှာ အစုရှယ်ယာရောင်းဝယ်မှု အရေအတွက်ပမာဏနဲ့ တန်ဖိုး နှစ်ခု စလုံးမှာ ထိပ်တန်းက ဆက်လက်ရပ်တည်လျှက်ရှိကာ ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် မတ်လအတွင်း (YSX) မှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ စုစုပေါင်းရှယ်ယာပမာဏရဲ့ ၃၃ % ရှိပြီး၊ တန်ဖိုးအားဖြင့် မြန်မာကျပ် (၂.၀၈) ဘီလီယံ ရှိတယ်လို့ သိရှိရပါတယ်။ မူလက MTSH မှာ ကမကထပြုသူ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (၉)ခု ရှိရာမှ ယခုလက်ရှိအချိန်မှာ ကုမ္ပဏီ (၆)ခု ကျန်ရှိရာ MTI အများပိုင်ကုမ္ပဏီသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ် မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးတဲ့ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ ကျပ် (၆.၈) ဘီလီယံရရှိခဲ့ပြီး၊ ယခင်နှစ်နဲ့ နှိုင်းယှဉ်ပါက ကျပ် (၅.၅) ဘီလီယံ တိုးတက်လာခဲ့ခြင်းဖြစ်တယ်လို့ သိရှိရပါတယ်။ ယခုကဲ့သို့ တိုးတက်လာမှုဟာ MTSH ၏ တွဲဘက်ကုမ္ပဏီဖြစ်တဲ့ Myanmar Japan Thilawa Development Limited. (MJTD) မှ အမြတ်ဝေစု သိသိသာသာ တိုးတက်လာခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။ ၎င်းအပြင် MJTD သည် ယခုဘဏ္ဍာနှစ် အတွင်း မြေ ၄.၆ ဟက်တာကို အငှားချထားပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးကို ၂ မဂ္ဂါဝပ် (MW) မှ ၄ မဂ္ဂါဝပ် (MW) သို့ တိုးချဲ့ခဲ့ပြီး၊ ၁၅ မဂ္ဂါဝပ် (MW) အထိ တိုးချဲ့လုပ်ကိုင်နိုင်ရေး ကြိုးပမ်းလျှက်ရှိခြင်းကြောင့် ၎င်းနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းသည်လည်း ထပ်ဆောင်းဝင်ငွေများရရှိလာမှာဖြစ်ခြင်းကြောင့် MJTD သည် စဉ်ဆက်မပြတ် တိုးတက် လျှက် ရှိနေသည်ကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ -

MTI အများပိုင်ကုမ္ပဏီအနေနဲ့ ငွေပမာဏ အများဆုံးရင်းနှီးမြှုပ်နှံထားတဲ့ မြန်မာနေရှင်နယ် တယ်လီကွန်းဟိုးလ်ဒင်း အများပိုင်ကုမ္ပဏီ (MNTH) ဟာဆိုရင် Mytel မှာ အစုရှယ်ယာ (၁၂ %) ပိုင်ဆိုင်ပါတယ်။ ယခုအခါ Telecom လုပ်ငန်းဟာဆိုရင်ဖြင့် အားလုံးသိကြတဲ့အတိုင်း အလားအလာကောင်းသည့် လုပ်ငန်းလို့ ပြောရမှာပဲဖြစ်ပါတယ်။ MNTH နဲ့ ၎င်းက တည်ထောင်ထားတဲ့ MNTI ဆိုတဲ့ တာဝါတိုင်လုပ်ငန်းများ လုပ်ကိုင်တဲ့ကုမ္ပဏီဆိုပြီး (၂) ခုရှိရာမှာ MNTI ရဲ့ Revenue က အခုအချိန်မှာ Minimum လစဉ် ကျပ်သန်း (၁,၃၀၀) ကျော်ဝင်ပြီး၊ အဲဒီကမှ ကုန်ကျစရိတ် Cost များ နုတ်လိုက်ပါက ကျပ်သိန်း (၇,၅၀၀) ကျော်ကျန်ရှိတာကြောင့် အခြေအနေကောင်းတယ်လို့ ပြောရမှာပဲဖြစ်ပါတယ်။ အလားတူစွာပဲ Mytel ရဲ့ Valuation က တစ်ခါမှတော့ ထုတ်ပြန်တာ မရှိပေမဲ့လည်း Revenue က (၁၂၀) ဘီလီယံကျပ် ဝန်းကျင်မှာရှိပြီး နိုင်ငံတော်အစိုးရကိုပေးရတဲ့ ကုန်ကျစရိတ်များအားလုံး နုတ်ပြီးပါက တစ်လလျှင် (၄၀) ဘီလီယံ ကနေ (၄၅) ဘီလီယံကျပ်ကျော် ကျန်ရှိသည်ဟု ကြားသိရပါသည်။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် MNTH အနေဖြင့် အမြတ်ဝေစုများ မခွဲပေးနိုင်သေးသော်လည်း ကျွန်တော်များ ရင်းနှီးမြှုပ်နှံထားသည့် ငွေပမာဏ၏ (၃) ဆ ကျော် (၄) ဆ နီးပါး တန်ဖိုးမြင့်တက်လျှက်ရှိနေပါတယ်။ ၂၀၃၀ ခုနှစ်မတိုင်မီ MNTH ထံက အမြတ်ဝေစုများ ခွဲဝေပေးနိုင်မယ်လို့ ကျွန်တော်တို့အနေနဲ့ မျှော်လင့်မိပါတယ်။

အစုရှယ်ယာရှင်များခင်ဗျာ -

MTI အများပိုင်ကုမ္ပဏီအနေနဲ့ "Loyar Myanmar" Ride Hailing Service ကိုလည်း မိတ်ဘက်ကုမ္ပဏီတစ်ခုဖြစ်တဲ့ MTG ကုမ္ပဏီနဲ့ ပူးပေါင်းပြီး လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ "လိုရာ" Taxi Service ဟာဆိုရင် Yangon International Airport မှာ တစ်ဦးတည်း လုပ်ပိုင်ခွင့်ရရှိထားတာပဲဖြစ်ပါတယ်။ ကျွန်တော်များ MTI အများပိုင်ကုမ္ပဏီအနေနဲ့ ရင်းနှီးမြှုပ်နှံမှုများသာမကပဲ IT Team အနေနဲ့ Software များရေးဆွဲခြင်း၊ website များရေးဆွဲခြင်း၊ Payment Gateway Platform ရေးဆွဲခြင်းများကို လုပ်ဆောင်လျှက်ရှိပါတယ်။ ဆောင်ရွက်လျှက်ရှိတဲ့လုပ်ငန်းများနဲ့ ပေးနိုင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းအသေးစိတ်ကိုတော့ Annual Report မှာ ဖေါ်ပြထားပြီး အစုရှယ်ယာရှင်များ အားလုံးသိရှိနိုင်ဖို့ ကျွန်တော်များ MTI ရဲ့ website ဖြစ်တဲ့ www.mti.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ၎င်းအပြင် Renewrable Energy Project ကိုလည်း အကောင်အထည်ဖေါ်ရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိရာ လုပ်ငန်းဆောင်ရွက်ခွင့် ရရှိပါက နိုင်ငံတော်အတွက် လျှပ်စစ်ဓါတ်အားလိုအပ်ချက်ကို အထိုက်အလျှောက် အထောက်အကူပြုမှာပဲဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်များဒါရိုက်တာအဖွဲ့ဟာ MTI အများကုမ္ပဏီကို ပြီးခဲ့သည့် အတိတ်ကာလအခက်အခဲအကြပ်အတည်းများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်အတွက် ပိုမိုကောင်းမွန်အောင်နဲ့ ရေရှည်တည်တံ့ခိုင်မြဲအောင်ရည်ရွယ်ပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားလုပ်ဆောင်သွားကြမှာဖြစ်သလို အစုရှယ်ယာရှင်များအနေနဲ့ကလည်း "ယုံကြည်မှုနဲ့ ဆက်လက်ကူညီပံ့ပိုးပေးကြပါ။" လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

**အစီအစဉ် (၃) အရ** - အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းဦးက ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာအား တင်ပြရာ-

"အားလုံးပဲမင်္ဂလာပါ။" ဟု ဦးစွာနှုတ်ဆက်ပြီး၊ ယနေ့ကြွရောက်လာကြတဲ့ အစုရှယ်ယာရှင်လူကြီးမင်းများ၊ ကွန်ပျူတာအသင်းချုပ်နာယကကြီး ဦးသိန်းဦး၊ MICTDC မှ Managing Director ဦးခွန်းဦးနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ ပညာရှင်အသင်းနှင့် ဝါသနာရှင်အသင်းများမှ ဧည့်သည်တော်များ **"Win Thin & Associate"** မှ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်များ MTI အများပိုင်ကုမ္ပဏီအနေနဲ့ ချမှတ်ထားတဲ့ Vision နဲ့ Mission များအတိုင်း စဉ်ဆက်မပြတ်လုပ်ဆောင်လျှက်ရှိပါတယ်။ MTI အများပိုင်ကုမ္ပဏီအနေနဲ့ အဓိက Focus ထားတာကတော့ Shareholders များကို Transparency ရှိစွာနဲ့ တာဝန်ယူမှု တာဝန်ခံမှုရှိစွာ ဆောင်ရွက်သွားနိုင်ဖို့ရည်ရွယ်ပါတယ်။ Board of Director (၉) ဦးကိုလည်း Anonymous Voting စနစ်နဲ့ အစဉ်အလာအတိုင်း ရွေးချယ်ခန့်အပ်ထားခဲ့တာပဲဖြစ်ပါတယ်။ ဟု ပြောကြားပြီး ဆက်လက်၍ ၂၀၂၄- ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် Activities များ၊ MTI အများပိုင်ကုမ္ပဏီက ထုတ်လုပ်ထားသည့် IT Products များ Software များကို Projector Slides များဖြင့် ရှင်းလင်းပြသခဲ့ပါသည်။ ၎င်း Products များအပြင် Government Project များကိုလည်း အဓိကထားပြီးရှာဖွေလျှက်ရှိသည့်အပြင် နိုင်ငံတကာမှ Outsourcing Project များရရှိရေးကိုလည်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျှက်ရှိကြောင်း၊ ထိုနည်းတူစွာပဲ MICT Park အတွင်း Solar System တစ်ခုကို တပ်ဆင်ပြီး လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရောင်းချနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါကြောင်း၊ ပြောကြားရင်း နိဂုံးချုပ်ခဲ့ပါသည်။

**အစီအစဉ် (၄) အရ** - အခမ်းအနားမှူး ဒေါ်ယုယုခိုင်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ စာရင်းစစ်အစီရင်ခံစာကို **"Win Thin & Associate"** စာရင်းစစ်အဖွဲ့မှ စာရင်းစစ်အဖွဲ့ဝင်ဖြစ်သော ဦးဝင်းဗလမင်းက ဖတ်ကြားပေးပါရန် လေးစားစွာပန်ကြားအပ်ပါကြောင်း၊ ပြောကြားပါသည်။

ဦးဝင်းဗလမင်းက - "အားလုံးပဲ မင်္ဂလာပါ" ဟုဦးစွာနှုတ်ခွန်းဆက်သပြီး-

"လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ Myanmar Technologies and Investment Corporation Public Co., Ltd. (MTI) ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျာ၊ ကျွန်တော်ကတော့ **"Win Thin & Associate"** စာရင်းစစ်အဖွဲ့က စာရင်းစစ် ဦးဝင်းဗလမင်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ **"Win Thin & Associate"** ၏ စာရင်းစစ်များကိုယ်စား Myanmar Technologies and Investment Corporation Public Co., Ltd. (MTI) ၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဦးစွာပထမပြောကြားလိုပါတယ်။" စသဖြင့် အစချီပြီး MTI အများပိုင်ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်းပြင်ပစာရင်းစစ်အစီရင်ခံစာကိုလည်း ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များအားလုံးကို MTI Website ဖြစ်သည့် www.mti.com.mm မှာ ကြိုတင် တင်ပြထားပြီးဖြစ်သည့်အတွက် စာရင်းစစ်အစီရင်ခံစာ အကျဉ်းချုပ်

ကိုသာ ဖတ်ကြားတင်ပြသွားမည်ဖြစ်ကြောင်းပြောကြားကာ၊ စာရင်းစစ်အစီရင်ခံစာအား ဖတ်ကြားအတည်ပြုခဲ့ပါသည်။

**အစီအစဉ် (၅) အရ** - အစုရှယ်ယာရှင်များက ကြိုတင်ပေးပို့ထားသည့်မေးမြန်းချက်များနှင့်ပတ်သက်ပြီး ဒါရိုက်တာအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခြင်းအစီအစဉ်ဖြစ်ရာ အစုရှယ်ယာရှင်များကကြိုတင်ပေးပို့ထားသည့်မေးမြန်းချက် (၁) စောင်လက်ခံရရှိထားသည့်အတွက် ဒါရိုက်တာအဖွဲ့ဝင်လူကြီးများက ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာပန်ကြားအပ်ပါကြောင်း၊ အခမ်းအနားမှူး ဒေါ်ယုယုခိုင်က ပြောကြားပါသည်။

CEO ဦးမျိုးမင်းဦးက အစုရှယ်ယာရှင်တစ်ဦးက မေးခွန်း (၃) ခုမေးမြန်းထားရာ မေးခွန်း နံပါတ်(၁) ကတော့ "ဘဏ္ဍာရေးရှင်းတမ်း မှတ်စု ၁ ရှင်းလင်းချက် (update လုပ်ဘို့ကျန်ခဲ့တာလို့ တော့ထင်ပါတယ်) နှင့် မှတ်စု ၉ (Notes Vs statement) ယခင်နှစ်ဖြေကြားချက် (၁) တို့ ပေါင်းစပ်ပြီး နားလည်လိုပါတယ်ခင်ဗျား။" လို့မေးထားတာဖြစ်ကြောင်း၊ ဒီမေးခွန်းအတွက် ယခင်နှစ်ကဖြေကြားချက်ရဲ့အောက်မှာ Update လုပ်ထားကြောင်း၊ MPSS တွင် MTI က ရင်းနှီးမြှုပ်နှံထားတာနဲ့ပတ်သက်ပြီး မေးမြန်းထားခြင်းဖြစ်ကြောင်း၊ မှတ်စု နံပါတ် (၁) မှာရေးသွင်းထားတာသည် ၄၅ % ကနေ ၂၀ % အထိ လျော့ချခဲ့တယ်ဆိုတဲ့ အထိရေးထားကြောင်း၊ တကယ်က လက်ရှိမှာက MPSS မှာ MTI က (၃၈.၁၄ %) ပိုင်ဆိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ Rights Issue share များ ထပ်မံထည့်ဝင်ခဲ့တာကြောင့်ဖြစ်ပြီး၊ အဲဒီအကြောင်းအရာကို မှတ်စု (၉) မှာ အကျယ်တစ်ပွင့် ရှင်းလင်းတင်ပြထားတာရှိကြောင်း၊ ပြောကြားပြီး အောက်ပါဇယားကတော့ နားလည်လွယ်စေရန် ပြသထားခြင်းဖြစ်ကြောင်း၊ စသဖြင့်ရှင်းလင်းဖြေကြားခဲ့ပါသည်။

| MTI's share changing in MPSS | | | | | |
|---|---|---|---|---|---|
| Budget (Year) | MTI Investment | | MPSS Capital | | MTI share % |
| | Share | Amount (Million Kyats) | Ordinary Share | Amount (Million Kyats) | |
| 2014-2015 | 450,000 | 450.00 | 1,000,000 | 1,000.00 | 45.00 |
| 2018-19 | 200,000 | 200.00 | 779,020 | 779.02 | 25.67 |
| 2022-23 | 300,000 | 300.00 | 879,020 | 879.02 | 34.13 |
| MPSS issue 3 times of ordinary share as Right issue Share @ 250MMK | | | | | 8.53 |
| 2023-24 | 640,000 | 385.00 | 2,727,020 | 1,341.02 | 23.47 |
| Current | 1,040,000 | 485.00 | 2,727,020 | 1,341.02 | 38.14 |
| Unpaid | 160,000 | 40.00 | | | 5.87 |

ဆက်လက်ပြီး နံပါတ် (၂) မေးခွန်းကတော့ "ယခင်နှစ် အထွေထွေနှစ်ပတ်လည်အစည်းအဝေးတွင် ဖြေကြားခဲ့သော အမှတ်(၂)မေးခွန်း အဖြေများ၏ တိုးတက်မှုအခြေအနေနှင့် လက်ရှိအခြေအနေတို့ကို ဆက်စပ် သိလိုပါတယ်ခင်ဗျား။" ဟုမေးမြန်းထားခြင်းဖြစ်ရာ MPSS ၏ လုပ်ငန်းအခြေအနေကိုမေးထားခြင်းဖြစ်တာ ကြောင့် ယခင်နှစ်ကတော့ MPSS ၏ Managing Director ဦးဇော်မင်းဦးက ဖြေကြားပေးခဲ့ပါကြောင်း၊ ယခုနှစ်မှာ တော့ MPSS ရဲ့ Managing Director ဖြစ်တဲ့ ဦးမင်းဦးက ဖြေကြားမှာဖြစ်ကြောင်း၊ ဒီမေးခွန်း ကိုမဖြေကြားခင် ကျွန်တော်အနေနဲ့ နံပါတ် (၃) မေးခွန်းကို ဆက်သွားရမည်ဆိုပါက "ယခင်နှစ် အထွေထွေနှစ်ပါတ်လည် အစည်း အဝေးမှာ ဖြေကြားခဲ့သော အမှတ်(၃)မေးခွန်း အဖြေများ၏ တိုးတက်မှုအခြေအနေနှင့် လက်ရှိအခြေအနေတို့ကို ဆက်စပ်သိလိုပါတယ်။" ဟု ဖြစ်ပြီး အဲဒါကတော့ "လိုရာမြန်မာ"ရဲ့ အခြေအနေဖြစ်တာကြောင့် ယခု "လိုရာ" ကို ဦးဆောင်ပြီး လုပ်ကိုင်ဆောင်ရွက်လျှက်ရှိတဲ့ MTG မှ CEO ဖြစ်တဲ့ ဦးဇော်မင်းဦးက ဖြေကြားပေးမှာဖြစ်ကြောင်း၊ နှင့် ၎င်းမေးခွန်းရဲ့အနောက်မှာဆက်ပြီးပါဝင်တဲ့ "တဆက်တစပ်ထဲ စာရင်းများ အရ MTI မှ ယခုနှစ် တွင် Loyer ကို (၁,၀၃၅) သန်း ထည့်ဝင်ထားပြီး ရင်းနှီးမြှုတ်နှံသူမှ သန်း (၄၄၀) ထည့်ဝင်ပြီး ထည့်ဝင်ငွေကို ကြိုတင်ရင်းနှီးမြှုပ်နှံမှုအဖြစ် စာရင်းဖော်ပြထားပါသည်။ MTI မှ ၁၀၀% ပိုင်ဆိုင်မှုဖြင့် အရှုံးများကို ကျခံထား ကြောင်းသိရပါသည်။ ရင်းနှီးမြှုပ်နှံမှု ၏အခြေခံမှုများကို သိလိုလိုပါတယ် ခင်ဗျား။" ဟု မေးမြန်းထားခြင်းဖြစ်ရာ ဒီမေးခွန်းကိုတော့ ကျွန်တော်ကပဲ ပြန်လည်ဖြေကြားပေးမှာဖြစ်ကြောင်း၊ တကယ်ကတော့ MTI က (၁,၀၃၅) သန်း ထည့်ဝင်လိုက်သည့်အချိန်မှာ (၁,၂၉၅) သန်း MTI က "လိုရာ" မှာ ရင်းနှီးမြှုပ်နှံမှုဖြစ်သွားပြီး၊ MTG နှင့် ပေါင်းကြောင်း၊ MTG ဘက်ကလည်း ရင်းနှီးမြှုပ်နှံများပြုလုပ်ကြောင်း၊ ယခုအစီရင်ခံစာထုတ်ပြန်သည့် မတ်လ (၃၁) ရက် ၂၀၂၅ ခုနှစ် အချိန် DICA မှာ MTG ရဲ့ ရင်းနှီးမြှုပ်နှံမှုများကို Update မပြုလုပ်ရသေးကြောင်း၊ ဒါကြောင့် DICA တွင် စာရင်းမဝင်သေးသည့်အတွက် ကြိုတင်ထည့်ဝင်ငွေအနေနဲ့သာ ကျပ်သိန်း (၄,၄၀၀) ကိုဖော်ပြထား ရခြင်းဖြစ်ကြောင်း၊ အမှန်တကယ်မှာတော့ MTG က ကျပ်သန်း (၁,၃၅၀) ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပြီး၊ လက်ရှိ အနေအထားမှာတော့ MTG ဘက်က DICA မှာ ကျပ်သိန်း (၅,၀၀၀) စာရင်းသွင်းပြီးဖြစ်ရာ ကျပ်သိန်း (၂,၀၇၀) ကိုတော့ စာရင်းမသွင်းရသေးကြောင်း ဒါကိုလည်း နောက်ထပ်ကျပ်သိန်း (၅,၀၀၀) ပြည့်ပါက စာရင်းသွင်းသွား မှာဖြစ်ကြောင်း၊ ပြန်လည်ဖြေကြားခဲ့ပါသည်။ ယခု ကျွန်တော်ဖြေကြားခဲ့တာနဲ့ပတ်သက်၍ မရှင်းလင်းတာများ ရှိပါကလည်း ပြန်လည်မေးမြန်းနိုင်ပါကြောင်း၊ ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး နံပါတ် (၃) မေးခွန်းဖြစ်သည့် "လိုရာမြန်မာ" ရဲ့ တိုးတက်မှုအခြေအနေနဲ့ပတ်သက်ပြီး ဦးဇော်မင်းဦးက ဖြေကြားရာတွင် "လိုရာ" ကို ၂၀၂၀ ခုနှစ်ကစတင်ပြီး (၄)နှစ်ကျော်ကာလ MTI က ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့ပြီး နောက်ဆုံးအခြေအနေမှာ တစ်လကို ကျပ်သိန်း (၅၀၀) ခန့် Expense ရှိရာမှာ အဓိက ကတော့ Google service ဖြစ်တဲ့ Digital Ocean ကိုပေးရတာဖြစ်ကြောင်း၊ အားလုံးသိတဲ့အတိုင်းပဲ ပြီးခဲ့တဲ့ နှစ်တွေနဲ့ပြန်ကြည့်ရင် MTSH ရဲ့ အစုရှယ်ယာက တဖြေးဖြေးကျလာတယ်၊ အဲဒီအချိန် လုပ်ရကိုင်ရတာ ခက်ခဲ လာပြီး၊ မဖြစ်တော့ဘူး၊ တစ်ယောက်ယောက်နဲ့တော့ ပေါင်းမှပဲဖြစ်တော့မယ်ဆိုပြီးလုပ်တော့ ပေါင်းမဲ့သူက မရှိဘူး။ ကိုယ့်အချင်းချင်းဘယ်သူပေါင်းမလဲ ကြည့်တော့လည်း ထပ်မရှိပြန်ဘူး။ အဲဒါနဲ့နောက်ဆုံး ကျွန်တော်က ယူလိုက်ရတာဖြစ်ပြီး၊ အဲဒီကစ ကျွန်တော်က ပိုက်ဆံစထည့်ရတာဖြစ်ကြောင်း၊ စစချင်းဘာလုပ်ရလဲဆိုတော့

Expense ကိုလျှော့ရတယ်။ အများဆုံးဖြစ်နေတဲ့ Google Map အစား Open street ကိုပြန်ပြောင်းရတယ်။ အခုဆိုရင် Map ကတော့ပြောင်းပြီးပြီဆိုတော့ Cost က တော်တော် Save ဖြစ်သွားပြီ။ ဒါပေမဲ့ Market အတွင်းမှာ Ride Hailling တွေရှိတယ်။ Features to features တွေကြည့်တဲ့အခါမှာ ထပ်ထည့်ရမှာတွေရှိကြောင်း၊ ၂၀၂၀ နဲ့ ၂၀၂၄ ကြားထဲမှာ Programming လုပ်တဲ့ ကိစ္စတွေက တော်တော်လေး ခက်ခက်ခဲခဲဖြစ်ခဲ့တယ်။ အဓိကကတော့ လူငယ်တွေ မရှိတဲ့ကိစ္စမှာ ကျွန်တော်တို့ရဲ့ Develop လုပ်တဲ့ Team တော်တော်များများက မြန်မာပြည်မှာ မရှိဘူး။ Distance Relationship ဖြစ်နေတယ်။ လောလောဆယ်မှာတော့ Features အချို့တက်လာတယ်၊ Yangon လေဆိပ်ကို ရထားတာတွေရှိတယ်။ နောက်ပြီး App ရဲ့ Features တွေကို Ride Hailling မှာပဲ တိုးအောင်လုပ်ဆောင်နေပါတယ်။ ဒါပေမဲ့ တကယ်တန်းကျွန်တော်တို့နားလည်နေတာက Taxi Driver တွေ ရဖို့ အရေးကြီးတယ်။ Passenger Customers ကတော့ များသောအားဖြင့် Gray တွေများတယ်။ Loyal ကတော့ မရှိဘူး။ သက်သာတဲ့ဘက်ကို ပြေးတဲ့သဘောရှိတယ်။ သဘောက ဒါရိုက်ဘာရှိဖို့က အရေးကြီးပြီး ဒါရိုက်ဘာ များများရအောင် ဘယ်လိုလုပ်ကြမလဲ? ဒီကြားထဲမှာလည်း EV Taxi တွေကလည်း ထပ်မံဝင်ရောက်လာတယ်။ ဒါကိုလည်းရဖို့ကြိုးစားနေရတယ်။ နောက်တစ်ခုက App တစ်ခုတည်းနဲ့ စွယ်စုံရတဲ့ အနေအထားမျိုးကို လိုချင်ကြတော့ Ride Hailling အပြင် Food တို့ Delivery တို့ လုပ်လို့ရမလားဆိုတာလည်း ကြိုးစားနေရတယ်။ ကျွန်တော်တို့ရဲ့ ညှိနှိုင်းချက်က (၂) နှစ်ဖြစ်တယ်။ ကျွန်တော်ရဲ့အထင်က (၂) နှစ်အတွင်း Marketing ကောင်းကောင်း လုပ်နိုင်ရင် အိုကေမယ်လို့ထင်ခဲ့တာ။ ဒါပေမဲ့ ကျွန်တော်ပွင့်ပွင့်လင်းလင်း ဝန်ခံရရင်တော့ အခုထိ Marketing ဘာမှ မလုပ်နိုင်သေးဘူး။ လူကြည့်အောင်လို့ပဲ Digital Marketing လုပ်ခဲ့ရတာရှိတယ်။ App က မပြီးသေးဘဲ အရှေ့မှာရှိတဲ့ Grab နဲ့ နောက် FARY ရှိတယ်၊ အခုထပ်ပြီးထွက်လာတဲ့ Ka Ka တို့နဲ့ ယှဉ်ရင် ကျွန်တော်တို့ရဲ့ Features တွေကနည်းနေသေးတယ်။ ကောင်းတာပြောရရင်တော့ ကျွန်တော်တို့မှန်းထားတာ အခုလာမဲ့ ၂၀၂၆ ခုနှစ် မတ်လ လောက်မှာ App က New Design နဲ့လာမယ်လို့ မျှော်လင့်ထားတယ်။ အဲဒီနောက်ပိုင်း Marketing လုပ်မယ်၊ ဒီကြားထဲမှာတော့ ထိမ်းထားရမဲ့အနေအထားပဲရှိသေးတယ်။ ဒါကြောင့် အပြောင်းအလဲကတော့ ရှေ့နှစ်မှပဲ မြင်ရမှာဖြစ်ပြီး ဒီနှစ်ထဲမှာကတော့ App ကိုပြင်နေတုန်းပဲရှိပါသေးတယ်။ ပထမတစ်နှစ်က ကျွန်တော် Cost တွေကို လျှော့ခဲ့ရပြီး အရင်က တစ်လကို ကျပ်သိန်း (၅၀၀) ကျော်လောက်ကနေ အခု ကျပ်သိန်း (၂၀၀) ကျော်သာ ကျတော့တယ်။ တဘက်မှာလည်း Revenue က တစ်နေ့ကို Transition အကြောင်း (၂၀၀) ကျော် လောက်ရနေတယ်။ ရှေ့နှစ်မှာတော့ App ရဲ့ ပုံစံအသစ်နဲ့ သွားမှာဖြစ်ပြီး အပြောင်းအလဲကတော့ အဲဒီကျမှပဲ မြင်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ထပ်မံပြောလိုတာကတော့ နောက်ထပ် (၆) လလောက်ဆိုရင် MTI နဲ့ ကျွန်တော်ရဲ့ကြားက ကတိကဝတ်က ပြီးပြီဖြစ်တဲ့အတွက် ကျွန်တော်နဲ့အတူ ရှယ်ယာထပ်ထည့်ချင်တဲ့သူ ရှိပါကလည်း ဒီနေရာကနေ ဖိတ်ခေါ်ပါတယ်။ တစ်လက်စတည်းပြောလိုတာက MTI အနေနဲ့ အားလုံးလည်း သေချာလေးပြန်ကြည့်မယ်ဆိုရင် Cash flow က Very Tight ပါ။ ကျွန်တော်တို့မှာ Operational cost တွေရှိတယ်၊ ဒါကို ထိမ်းနိုင်ဖို့ ဒါရိုက်တာအဖွဲ့က အရမ်းကြိုးစားရတယ်။ ဒီ “လိုရာ” လုပ်ခဲ့တဲ့ကိစ္စကလည်း ဒီအတွက်ပဲဖြစ်ပါတယ်။ တချို့အရာတွေက ကြိုးစားရင်းနဲ့ ကျွန်တော်တို့ဆီကို ပြန်ပြီး ဝန်ပိတာမျိုးဖြစ်တယ်။ ကျွန်တော်တို့ရဲ့ မတည်ရင်းနှီးငွေထက် ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံထားတာက ပိုများ

နေပြီး၊ ဒီပိုက်ဆံက ဘယ်ကရလဲ? ဆိုတော့ ဘဏ်က ချေးထားတာဖြစ်ပါတယ်။ ဘဏ်ကိုပေးရတဲ့ Interest ရှိတယ်၊ Operation Cost ရှိတယ်၊ ဒါကြောင့် ဘဏ်ကိုမပေးတော့ဘူး အပြီးဖြတ်မယ်ဆိုပြီးတော့ ဟိုတစ်လောက Rights Issue ခေါ်ခဲ့ပါတယ်။ Rights Issue ထုတ်ရင် Project အသစ်ပြရမယ်ဆိုပေမဲ့၊ ပြစရာမရှိဘူး။ အဓိကကတော့ ဘဏ်ချေးငွေကို ပြန်ဆပ်ချင်လို့ ဖြစ်ပါတယ်။ ပြီးတော့ Minimun cost နဲ့သွားမယ်ဆိုရင် MTSH တို့ MNTH တို့ကနေရမဲ့ ငွေနဲ့ ထိမ်းထားလို့ရမယ်။ MNTH က အမြတ်ဝေစု ရလာရင် Divident ခွဲပေးမယ်ဆိုတဲ့ Plan နဲ့ လုပ်ခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ထည့်မဲ့သူကမရှိခဲ့ဘူး။ CEO ဦးမျိုးမင်းဦးလည်း နှစ်တိုင်း ပြောတာက ကျွန်တော်တို့က အားလုံးစုစည်းထားတဲ့ အားကို လိုချင်တာဖြစ်လို့ အချင်းချင်း အားပေးကြဖို့ ကျွန်တော်အနေနဲ့ တိုက်တွန်းလိုပါတယ်။ ဒီနှစ်ဆိုရင် BOD အသစ်တစ်ဦး တိုးပါတယ်။ ဒီလိုပဲ အစုရှယ်ယာရှင်များအနေနဲ့ကလည်း အားလုံးရဲ့ ဝိုင်းဝန်းစောင့်ရှောက်မှု၊ အကြံဥာဏ်တွေလည်းလိုပါတယ်။ ဒါရိုက်တာအဖွဲ့အနေနဲ့က ဒီနေ့အချိန်အထိ ကြိုးစားပမ်းစားလုပ်ပါတယ်။ ဒီထက်ပိုပြီးကောင်းအောင် လုပ်ဖို့လည်း လိုပါတယ်။ ရှေ့မှာလည်း လုပ်လို့ရနိုင်တော့မယ်လို့ထင်ပါတယ်။ အခု AGM ဟာ (၁၂) ကြိမ်မြောက် ဖြစ်ပေမဲ့လည်း (၄) နှစ်လောက်က ပုပ်သွားတယ်လို့ပဲ ပြောရမှာဖြစ်တာကြောင့် ဒီအကြိမ်ကို (၈) ကြိမ်လို့ပဲ ယူဆပြီးတော့ အားလုံး ဝိုင်းဝန်းစောင့်ရှောက်ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ မေးခွန်းမေးခဲ့သူအပါအဝင် အားလုံးကို ကျေးဇူးတင်ပါတယ်၊ ဟု ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ဦးမင်းဦးက MPSS ကို ကျွန်တော်တို့ MTI အနေနဲ့ Representative Director အဖြစ် (၃) ဦးသွားပါတယ်။ ဦးဇော်မင်းဦး၊ ဦးမျိုးမင်းဦးနဲ့ ကျွန်တော်နဲ့ပေါ့။ မနှစ်တုန်းက "လိုရာ" ကို ဦးဇော်မင်းဦးက ပြောင်းပြီးတော့ တာဝန်ယူလိုက်တဲ့အခါမှာတော့ အခုဆိုရင် MPSS မှာ ဦးအောင်စိုးမိုး၊ ဦးမျိုးမင်းဦးနဲ့ ကျွန်တော်နဲ့ (၃) ဦးရှိပါတယ်။ အဲဒီကမှ ကျွန်တော်ကို တာဝန်ပေးလို့ လုပ်ပေးနေရခြင်းဖြစ်ပြီး အတတ်နိုင်ဆုံးကြိုးစားပေးပါတယ်။ MPSS အနေနဲ့ ပြောရရင်တော့ ဘဏ်ကြွေးမရှိဘူး။ ကျွန်တော်တို့ကပဲ အကြွေးပေးထားတာ ရှိပါတယ်။ ကံကောင်းတာတစ်ခုကတော့ ကျွန်တော်တာဝန်ယူပြီးနောက်ပိုင်းမှာ ဒီလုပ်ငန်းကို စိတ်ဝင်စားတဲ့ Investor တွေ ရလာတယ်။ အဲဒါနဲ့ ဒီလုပ်ငန်းကို ဒီထက်ပိုကောင်းအောင်လုပ်ပါတယ်။ တစ်ဘက်ကလည်း ဦးဇော်မင်းဦး ပြောခဲ့သလို အသုံးစရိတ်တွေကို ပြန်လည်စီစစ်ပြီးတော့ အတတ်နိုင်ဆုံးလျှော့လို့ရတဲ့အရာတွေကို လျှော့ရပါတယ်။ လက်ရှိမှာတော့ ပိုက်ဆံရတဲ့အလုပ်တွေရှိသလို ပိုက်ဆံမရတဲ့ အလုပ်တွေကိုလည်း ကူညီ လုပ်ဆောင်ပေးနေရတာရှိပါတယ်။ အဲဒီထဲကတစ်ခုဆိုရင် ပြီးခဲ့တဲ့ မတ်လ (၂၈) ရက်နေ့က လှုပ်ခတ်သွားတဲ့ ငလျင်နဲ့ ဆက်စပ်ပြီးတော့ အစိုးရက website တစ်ခုထောင်တယ်။ အဲဒီ website ကနေ တစ်ကမ္ဘာလုံးကလာမဲ့ Donation တွေကိုလက်ခံဖို့ လုပ်ပါတယ်။ အဲဒီ website https://www.myanmarearthquake.gov.mm/donation ကို MPSS ရဲ့ Payment Gateway က ဆောင်ရွက်ပေးထားပါတယ်။ နောက်ထပ် Client တွေ ရနေတာလည်းရှိပါတယ်။ Transition အားဖြင့် မနှစ်ကထက်စာရင် ပိုပြီးတိုးတက်လာပါတယ်။ ဒါပေမဲ့လည်း Challenging ပါပဲ။ စရိတ်တွေကို ကာမိအောင်ကြိုးစားနေရပါတယ်။ အပြောင်းအလဲအနေနဲ့ကလည်း ခုန ဦးဇော်မင်းဦးပြောခဲ့သလိုပဲ ၂၀၂၆ ကျရင်တော့မြင်ရမယ်လို့ မျှော်လင့်ပါတယ်။ ဟုပြောကြားခဲ့ပါသည်။

**အစီအစဉ် (၆) အရ -** မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် ရွေးချယ်ခန့်ထားရန်အတွက် **"Win Thin & Associate"** စာရင်းစစ်အဖွဲ့အား မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီလီမိတက် (MTI) အတွက် ပြင်ပစာရင်းစစ်အဖြစ်ခန့်အပ်မည်ဖြစ်ကြောင်းကို တက်ရောက်လာသည့် အစုရှယ်ယာရှင်အား သဘောတူပါသလား? ဟု (၃) ကြိမ် မေးမြန်းရာ တက်ရောက်လာကြသူများကလည်း (၃) ကြိမ် သဘောတူပါသည်ဟု ဖြေကြားသဖြင့် **"Win Thin & Associate"** စာရင်းစစ်အဖွဲ့အား ပြင်ပစာရင်းစစ် အဖြစ် ဆက်လက်ခန့်အပ်မည်ဖြစ်ကြောင်း၊ အခမ်းအနားမှူး ဒေါ်ယုယုခိုင်က ကြေညာပါသည်။

**အစီအစဉ် (၇) အရ -** ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များနုတ်ထွက်ခြင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရွေးချယ်ထားသောဒါရိုက်တာအဖွဲ့ဝင်များအား အတည်ပြုပေးခြင်း အစီအစဉ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာ(၃) ဦး နုတ်ထွက်မည်ဖြစ်ရာ ၎င်းတို့မှာ (၁) ဦးစိုးထွဋ် (၂) ဦးမင်းဦး နှင့် (၃) ဦးဇော်မင်းထွေး တို့ ဖြစ်ကြကြောင်း၊ ဒါရိုက်တာအဖွဲ့ဝင်အသစ်များအတွက် အရွေးချယ်ခံသူ (၃) ဦးသာရှိပြီး ၎င်းတို့ (၃) ဦးမှာ (၁) ဦးစိုးထွဋ် (၂) ဦးမင်းဦးနှင့် (၃)ဦးမင်းဆွေလှိုင်တို့ဖြစ်ကြပြီး ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ခန့်အပ်မည်ကို အစုရှယ်ယာရှင်များက "သဘောတူပါသလား" ဟု အခမ်းအနားမှူးက (၃) ကြိမ်မေးမြန်းရာ တက်ရောက်လာကြသူများကလည်း (၃) ကြိမ် သဘောတူပါကြောင်း ဖြေကြားသဖြင့် ဦးစိုးထွဋ်၊ ဦးမင်းဦးနှင့် ဦးမင်းဆွေလှိုင် တို့အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း၊ အခမ်းအနားမှူး ဒေါ်ယုယုခိုင်က ကြေညာပါသည်။

ဆက်လက်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရွေးချယ်ထားသော ဒါရိုက်တာများအား မှတ်တမ်းတင်ရန်အတွက် စုပေါင်းဓါတ်ပုံရိုက်ကူးကြပါသည်။

**အစီအစဉ် (၈) အရ -** ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (၁၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး အောင်မြင်စွာပြီးဆုံးကြောင်း၊ အခမ်းအနားမှူးကကြေညာပြီး MTI အများပိုင်ကုမ္ပဏီ၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ညနေ (၄း၃၀) နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

**အစည်းအဝေးမှတ်တမ်းတင်သူ**

သူရ

Manager
**MTI Corporation**

**အတည်ပြုသူ**

ထင်အောင်ခိုင်

Chairman
**MTI Corporation**